၂၀၂၀ ခုနှစ်

တက္ကသိုလ်ဝင်စာမေးပွဲ

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

ဘောဂဗေဒ — ခွင့်ပြုချိန် (၃) နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို **မှား** သို့မဟုတ် **မှန်** ဖြေဆိုပါ။ (၅ မှတ်)

၁။ လုပ်ငန်းရှင်တစ်ဦးသည်လည်း မိမိလုပ်ငန်းမှစိတ်ကျေနပ်မှု အများဆုံးရအောင် စီမံလုပ်ဆောင်မည်ဖြစ်သည်။

၂။ ဈေးကွက်တွင် စားသုံးသူဦးရေ တိုးလာခြင်းသည်တစ်ဦးချင်းဝယ်လိုအားကိုတိုးလာစေသည်။

၃။ အင်အားစုများနှင့် ကုန်စည်၊ဝန်ဆောင်မှုများ၏ လည်ပတ်စီးဆင်းမှုသည် ဝင်ငွေနှင့် အသုံးစရိတ်များ၏လည်ပတ်စီးဆင်းမှုနှင့် တိုက်ရိုက်ဖြစ်နေသည်။

၄။ ဈေးဆန္ဒန်းကိန်းများတက်ပါက အထွေထွေဈေးနှုန်းအဆင့်တိုးပြီး ငွေကြေးတန်ဖိုး တက်မည်ဖြစ်သည်။

၅။ အစိုးရအနေဖြင့်မူ အများအားဖြင့် အသုံးစရိတ်မည်မျှသုံးစွဲရမည်ကိုဆုံးဖြတ်ပြီးမှသာ ၎င်းအသုံးစရိတ်အတွက် လိုအပ်သောငွေကြေးကို မည်ကဲ့သို့ ရှာဖွေမည်ကိုဆုံးဖြတ်လေ့ရှိသည်။

(ခ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသော အဖြေ (က)၊ (ခ)၊ (ဂ) များမှ အဖြေမှန် ကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ (က) ဝင်ငွေ (ခ) ဈေးနှုန်း (ဂ) အရေအတွက်များ ပြောင်းလဲမှုပေါ်မူတည်၍ လူတို့၏ အလုပ်အကိုင်၊ အပြုအမူ၊ ဝယ်ယူမှုပုံသဏ္ဌာန် စသည်တို့ ပြောင်းလဲရသည်။

၂။ ဈေးနှုန်းသည်အားမျှဈေးနှုန်း အထက်မြင့်တက်သွားပါက ယင်းဈေးနှုန်း၌ ရောင်းလိုအားသည် ဝယ်လိုအားထက် အရေအတွက် ပိုများပြီး (က) အားမျှခြေ (ခ) ပိုလျှံဝယ်လိုအား (ဂ) ပိုလျှံရောင်းလိုအား ဖြစ်ပေါ်မည်။

၃။ (က) ပုံသေဈေးနှုန်း (ခ) နှစ်အလိုက်ဈေးနှုန်း (ဂ) နှိုင်းယှဉ်ဈေးနှုန်း များကို အသုံးပြုခြင်းဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ထုတ်လုပ်မှုတန်ဖိုး အမှန်တကယ် ပြောင်းလဲမှုကို သိရှိနိုင်သည်။

[တစ်ဖက်သို့

၄။ ရွှေငွေတို့ကို ငွေကြေးအဖြစ်ကျယ်ပြန့်စွာ သုံးစွဲခဲ့ခြင်းအကြောင်းရင်းတစ်ရပ်မှာ (က)အများ လက်ခံနိုင်ခြင်း (ခ) တာရှည်ခံခြင်း (ဂ) အလွယ်တကူသယ်ယူနိုင်ခြင်း ကြောင့်ဖြစ်သည်။

၅။ သွင်းကုန်ခွန်ကို ယေဘုယျအားဖြင့် (က) ပြည်တွင်းလုပ်ငန်းများ (ခ) နိုင်ငံခြားမှလုပ်ငန်းရှင်များ (ဂ) ကုန်သွယ်မှုမပြုလုပ်သောနိုင်ငံ များကို ကာကွယ်ရာတွင် အသုံးပြုသည်။

(ဂ) အောက်ပါကွက်လပ်များတွင်ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ (၁၀ မှတ်)

၁။ လက်တွေ့တွင် ကုန်စည်တစ်ခုကို ရွေးချယ်လိုက်ခြင်းကြောင့် အခြားကုန်စည်ကို လုံး၀ စွန့်လွှတ် လိုက်ခြင်းမျိုး ဖြစ်ပေါ်သည်မဟုတ်ဘဲ ____________ မျိုးတွေ့ရတတ်သည်။

၂။ ဝင်ငွေဖြန့်ဖြူးမှုညီမျှပါက ____________ စားသုံးသူများအသုံးပြုလေ့ရှိသောကုန်စည် များ၏ဝယ်လိုအားမှာ များလာမည်ဖြစ်သည်။

၃။ စီးပွားရေးကဏ္ဍအသီးသီးမှ ထုတ်လုပ်လိုက်သော ကုန်ထွက်တန်ဖိုးများမှ လုပ်ငန်းချင်း အသုံးပြုမှု တန်ဖိုးကို နုတ်ခြင်းဖြင့်ရရှိသော ထုတ်ကုန်တန်ဖိုးများကို ____________ ဟူ၍ခေါ်ဝေါ် သုံးစွဲထားသည်။

၄။ ____________ များသည် အများကလက်ခံလိုသောအရည်အချင်းနှင့်ပြည့်စုံပေသည်။

၅။ အစိုးရသည် တိုင်းပြည်၏ ____________ အတွက်လိုအပ်သော စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်၍ ရင်းနှီးမြှုပ်နှံလေ့ရှိသည်။

၆။ ____________ သည်နည်းပညာဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုကိုလည်းအားပေးပြန်သည်။

၇။ ရောင်းလိုအားမျဉ်းကွေး၏ အနေအထားပေါ်သာမူတည်၍ ____________ အနည်း အများကိုပြောဆိုနိုင်သည်။

၈။ တိုင်းပြည်များအကြား လူဦးရေ ကွာခြားမှုရှိနိုင်သောကြောင့် ____________ များကို သာ နှိုင်းယှဉ်ရပေသည်။

၉။ ____________ များမှာမူတူညီသောတန်ဖိုးရှိကြသဖြင့် အရည်အသွေးတစ်မျိုးတည်း ဖြစ်သည်။

၁၀။ ____________ ကို ပြင်ဆင်ရန်အတွက်လည်း သွင်းကုန်ခွန်ကို အသုံးပြုသည်။

၂။ အောက်ပါတို့အနက်မှ (၁၀) ခု၏ အဓိပ္ပာယ်ကို ဖော်ပြပါ။ (၂၀ မှတ်)

၁။ ရောပြွမ်းစီးပွားရေးစနစ်
၂။ အင်အားစုဈေးကွက်
၃။ ဝယ်လိုအားလျော့ခြင်း
၄။ ရောင်းလိုအားအလျော့အတင်းနည်းခြင်း
၅။ နှစ်အလိုက်ဈေးနှုန်းများ
၆။ ဝင်ငွေလည်ပတ်စီးဆင်းမှု
၇။ ငွေကြေး၏ဝယ်နိုင်စွမ်းအား
၈။ ဈေးနှုန်းတည်ငြိမ်မှု
၉။ အများကောင်းကျိုးပြုလုပ်ငန်းများ
၁၀။ သွယ်ဝိုက်ခွန်
၁၁။ အခွင့်မသာသောကုန်ဖလှယ်မှုအချိုး
၁၂။ ငွေတန်ဖိုးမြှင့်ခြင်း

၃။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂)ခုကို မှတ်စုရေးပါ။ (၂၀ မှတ်)

၁။ ဈေးကွက်စီးပွားရေးစနစ်နှင့် ဗဟိုစီမံကိန်းချစီးပွားရေးစနစ်

၂။ ရောင်းလိုအားအလျော့အတင်းကင်းခြင်းနှင့် ရောင်းလိုအားအလျော့အတင်းအပြည့်ရှိခြင်း

၃။ စုစုပေါင်းနှင့် အသားတင်တို့၏သဘော

၄။ အခွန်စည်းကြပ်ခြင်း၏ရည်ရွယ်ချက်

၄။ (က) ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ ဈေးငွေဖန်တီးမှုကိုပြည့်စုံစွာဖော်ပြရှင်းလင်းပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု စတင်ပေါ်ပေါက်လာပုံကို ပြည့်စုံစွာရှင်းလင်းဖြေဆိုပါ။

၅။ အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂)ခုကို ဖြေဆိုပါ။ (၁၀ × ၂) မှတ်

(က) နိုင်ငံတစ်နိုင်ငံ၏ကုန်ထုတ်အင်အားစုများအားလုံးကိုစွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးပြုပြီး နှစ်တစ်နှစ် အတွင်း ထုတ်လုပ်နိုင်သည့် ကုန်စည် A နှင့် ကုန်စည် B အတွဲအမျိုးမျိုးကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

ထုတ်လုပ်နိုင်မှုအခြေပြဇယား

| အမှတ်စဉ် | ကုန်စည် A ယူနစ် | ကုန်စည် B ယူနစ် |
|---|---|---|
| က | ၀ | ၁၀၀ |
| ခ | ၅၅ | ၈၀ |
| ဂ | ၁၀၅ | ၆၀ |
| ဃ | ၁၅၀ | ၄၀ |
| င | ၁၉၀ | ၂၀ |
| စ | ၂၂၅ | ၀ |

၁။ ၎င်းဇယားမှ ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးကို ရေးဆွဲပါ။

၂။ အမှတ်စဉ် (ခ)မှ အမှတ်စဉ် (ဂ)သို့ ကုန်စည် A ကို တိုး၍ထုတ်လုပ်မည်ဆိုပါက ကုန်စည် A ၏ အခွင့်အလမ်းစရိတ်ကို တွက်ချက်သုံးသပ်ပြပါ။

[တစ်ဖက်သို့

(ခ) ဘဲသားဈေးနှုန်း(၁) ပိဿာလျှင် ၁၂၀၀ ကျပ်မှ ၁၇၅၀ ကျပ်သို့ တက်သွားသည့်အခါ ကြက်သား ဝယ်ယူသည့်အရေအတွက်သည် (၂၁)ပိဿာမှ (၃၅)ပိဿာအထိ တိုးလာပါက ဘဲသားနှင့် ကြက်သားတို့အတွက် ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်းကို တွက်ချက်သုံးသပ်ပါ။

(ဂ) အိမ်ထောင်စု (၃)စု၏တစ်နှစ်ဝင်ငွေနှင့် ဝင်ငွေခွန် ပေးဆောင်ရသည့်ပမာဏကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

| အိမ်ထောင်စု | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်ပမာဏ (ကျပ်) |
|---|---|---|
| က | ၁၈၀၀၀၀ | ၁၅၀၀ |
| ခ | ၃၆၀၀၀၀ | ၂၅၀၀ |
| ဂ | ၅၅၀၀၀၀ | ၃၂၀၀ |

(၁) အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုတွက်ချက်ပါ။

(၂) ဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဌာန်ဖြစ်သည်ကိုသုံးသပ်ဖြေဆိုပါ။